နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ၂၀၁၁ ခုနှစ်၊ တင်သွင်းလွှာအမှတ် - ၂ အကြောင်း လေ့လာတင်ပြသည့်စာတမ်း


လေ့လာတင်ပြသူ -

ဦးမျိုးမြင့်

လထ/ညွှန်မှူး

တရားစီရင်ရေးဌာနခွဲ


ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၃ ရက်

# မာတိကာ

*********


❖ နိဒါန်း

❖ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခွင့်ရှိသူများ

❖ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ

❖ တင်သွင်းလွှာတင်သွင်းသည့် အကြောင်းရင်း

❖ တင်သွင်းလွှာတင်သွင်းသူများ၏ လျှောက်လဲချက်များ

❖ ပြန်လည်ရှင်းလင်းသည့်ပုဂ္ဂိုလ်ဖြစ်သည့် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လျှောက်လဲချက်များ

❖ ခုံရုံးက အဓိကဆုံးဖြတ်ရမည့်အချက်

❖ ခုံရုံးကဆုံးဖြတ်ရာတွင် ရည်ညွှန်းကိုးကားချက်များ

❖ ခုံရုံး၏ဆုံးဖြတ်ချက်

❖ နိဂုံး

## နိဒါန်း

၂၀၁၁ ခုနှစ်၏ တင်သွင်းလွှာအမှတ်-၂ မှာ **" အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင်ပါ (၂၃) ဦးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်"** ဖြစ်ပါသည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဒေါက်တာအေးမောင်ပါ(၂၃)ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၆ (ဃ)၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၄ (ဃ) နှင့် ပုဒ်မ ၁၅ (ဃ) တို့အရ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်သွင်းလျှောက်ထားခဲ့သည့် တင်သွင်းလွှာဖြစ်ပါသည်။ တင်သွင်းလွှာ တင်သွင်းသည့်ပုဂ္ဂိုလ်များဖြစ်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင်ပါ (၂၃) ဦး တို့အတွက် ၎င်းတို့၏ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးဘိုမင်းဖြူ နှင့် ဦးအောင် ကျော်စိန်တို့က လျှောက်လဲတင်ပြခဲ့ပြီး၊ ပြန်လည်ရှင်းလင်းရသည့် ပုဂ္ဂိုလ်ဖြစ်သည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းက လျှောက်လဲတင်ပြခဲ့ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ( နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၁/၂၀၁၀) ၏ ပုဒ်မ ၃၄ တွင် " ခုံရုံးသည် လိုအပ်ပါက ပြည်ထောင်စုရှေ့နေချုပ်ကို ရုံးတော်သဟာယအဖြစ် ဖိတ်ကြားနိုင်သည်၊ ရှေ့နေချုပ်သည် မိမိကိုယ်တိုင် မလာရောက်နိုင်ပါက မိမိကိုယ်စားဆောင်ရွက်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သင့်လျော်သော ညွှန်ကြားရေးမှူးအောက်မနိမ့်သည့်ပုဂ္ဂိုလ်အား ခုံရုံးသို့ စေလွှတ်ဆောင်ရွက်စေနိုင်သည်" ဟု ပြဋ္ဌာန်းထားပါသည်။ ၂၀၁၁ ခုနှစ်၏ တင်သွင်းလွှာအမှတ် - ၂ တွင် ပြန်လည်ရှင်းလင်းသည့်ပုဂ္ဂိုလ်ဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံးက လိုက်ပါဆောင်ရွက်ပေးရသည့်အတွက် ၂၀၁၁ ခုနှစ် တင်သွင်းလွှာအမှတ် - ၂ တွင် ရုံးတော်သဟာယ၏ အခန်းကဏ္ဍသည် မပါဝင်ပါ။

တင်သွင်းလွှာတင်သွင်းသူများက တင်သွင်းလွှာတင်သွင်းရာတွင် တင်သွင်းလွှာ၌ ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ် သို့မဟုတ် ဌာန/အဖွဲ့အစည်းကို ဖော်ပြခဲ့ခြင်းမရှိပါ။

### နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခွင့်ရှိသူများ

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၃ တို့အရ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန် ကိစ္စများ ပေါ်ပေါက်ပါက အောက်ပါပုဂ္ဂိုလ်များသည် ခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိပါသည် -

(က) နိုင်ငံတော်သမ္မတ၊

(ခ) ပြည်ထောင်စုလွှတ်တော်နာယက၊

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊

(ဃ)အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊

(င) ပြည်ထောင်စုတရားသူကြီးချုပ်၊

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၆ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၄ တို့အရ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်နှင့် သဘောထားရယူရန် ကိစ္စများ ပေါ်ပေါက်ပါက အောက်ပါပုဂ္ဂိုလ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၅ ပါ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ခုံရုံးသို့ တင်သွင်းခွင့်ရှိပါသည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊

(ဃ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်း အရေအတွက်ရှိသော ကိုယ်စားလှယ်များ။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂ တို့အရ ခုံရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊တိုင်းဒေသကြီးများ၊ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအချင်းချင်းဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စု ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့်အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကအကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန် များ။

**တင်သွင်းလွှာတင်သွင်းသည့် အကြောင်းရင်း**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် ပါ ၂၃ ဦး တို့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ် နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေ ပုဒ်မ ၅ တွင် ဖော်ပြထားသည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဆိုသည့် စကားရပ်သည်လည်း ကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီး များတွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးပါဝင်မှုမရှိခြင်းသည်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်း ရှိ မရှိ သိရှိလိုကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၆ ပုဒ်မခွဲ (ဃ)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မ ၁၅ ပုဒ်မခွဲ (ဃ) တို့အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။

တင်သွင်းလွှာတွင် -

- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) နှင့် ပုဒ်မခွဲ (င) တို့အရ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (ဆ) ပုဒ်မခွဲငယ် (၂) အရ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်ကြောင်း၊
- အဆိုပါပြဋ္ဌာန်းချက်များတွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် အခြားဌာနဆိုင်ရာဝန် ကြီးတို့ကို အဆင့်အတန်း မခွဲခြားဘဲ အဆင့်တူဝန်ကြီးများအဖြစ် ပြဋ္ဌာန်းထားကြောင်း၊ သို့ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၄ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများစာရင်း၌ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများနှင့် တစ်တန်းတည်း ပြဋ္ဌာန်းထားကြောင်း၊

- ၄င်းအပြင် ယင်းဥပဒေ ပုဒ်မ ၁၇ တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ အဆောင်အယောင်များကို အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဆင့်ထက် နိမ့်ချခံစားခွင့်ပြုထားကြောင်း ဖော်ပြခဲ့ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အခြားတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် တစ်တန်းတစ်စားတည်း မသတ်မှတ်ခြင်းနှင့် ယင်းဥပဒေပုဒ်မ ၅ တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများနှင့် တစ်တန်းတစ်စားတည်း သတ်မှတ် ပြဋ္ဌာန်းထားခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၁၇ တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား အခြားဝန်ကြီးထက် အဆင့်နိမ့်ချပြီး အဆောင်အယောင်ခံစားခွင့် သတ်မှတ်ပြဋ္ဌာန်းခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) တွင် ပြဋ္ဌာန်းထားသည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဆင့်အတန်းနှင့် ညီညွတ်ခြင်း ရှိ မရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အနက်အဓိပ္ပါယ် ဖွင့်ဆိုပေးရန်ဖြစ်ကြောင်း ဖော်ပြ၍ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

**တင်သွင်းလွှာတင်သွင်းသူများ၏ လျှောက်လဲချက်များ**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ပါ ၂၃ ဦး တို့အတွက် ၄င်းတို့၏ တရားလွှတ်တော်ရှေ့နေက လျှောက်လဲတင်ပြရာတွင် ၄င်းတို့၏တင်သွင်းလွှာပါ အကြောင်းပြချက်များအပြင် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရှင်းလင်းချက်များအပေါ်တွင် ပြန်လည်ဖြေရှင်းခဲ့ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် တိုင်းရင်းသားလူမျိုးရေးရာများကို ဆောင်ရွက်ရန်တာဝန်ပေးအပ်ခြင်းကို နိုင်ငံတော်သမ္မတရုံး၏ (၃၀-၃-၂၀၁၁) ရက်စွဲပါ အမိန့်အမှတ် ၁၉/၂၀၁၁ ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းကို နိုင်ငံတော်သမ္မတရုံး၏ (၃၀-၃-၂၀၁၁) ရက်စွဲပါ အမိန့်အမှတ် ၂၃/၂၀၁၁ ဖြင့်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း၊ ထို့ကြောင့် **တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ဖြစ်သည်ဆိုခြင်းမှာ မမှန်ကြောင်း နှင့် အမည်စာရင်းရယူတင်သွင်းရသည့် အဆင့်သာဖြစ်သည်ဟု ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဖော်ပြထားခြင်းမှာ** မှားယွင်းနေကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

"ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ တိုင်းရင်းသားလူမျိုးရေးရာကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားခြင်း နှင့် ယင်းဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (ဆ) ပုဒ်မခွဲငယ်(၂) အရ တာဝန်သီးခြားဖြစ်သည်ဟု ရှင်းလင်းဖော်ပြခြင်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ကွဲလွဲနေကြောင်း၊ ယင်းဥပဒေ ပုဒ်မ

၂၆၂ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများကို နိုင်ငံတော်သမ္မတက အမိန့်ထုတ်ပြန်၍ ခန့်အပ်တာဝန်ပေးထားခြင်းဖြစ်ကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၃ ပုဒ်မခွဲ(က)၊ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၄၈ တို့တွင် ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့် ဆန့်ကျင်နေပါလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈ ပုဒ်မခွဲ (က) ပြဋ္ဌာန်းချက်အရ **ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊** ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့် တိုင်းဒေသကြီး သို့မ ဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများခန့်အပ်တာဝန်ပေးခြင်း နှစ်မျိုးစလုံးကို နိုင်ငံ တော်သမ္မတက ခန့်အပ်တာဝန်ပေးခြင်းဖြစ်ကြောင်း၊ တာဝန်ယူရမည့်ဝန်ကြီးဌာနကို သတ်မှတ်တာ ဝန်ပေးခြင်းမျှသာ ကွဲပြားခြားနားမှုရှိကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအားလုံးတို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများဖြစ်ကြ၍ **ရာထူးအရလည်းကောင်း၊ အဆင့်အတန်းအရလည်းကောင်း တူညီသူများ ဖြစ် ကြပြီး၊** ပြည်ထောင်စုရှေ့နေချုပ်ရုံးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးများနှင့် တိုင်းရင်းသားရေးရာကိစ္စများကိုသာ ဆောင်ရွက်ရသော တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများသည် တာဝန်ပေးခန့်အပ်မှုတွင် တူညီမှုမရှိခြင်းကြောင့်လည်းကောင်း၊ ထမ်းဆောင်ရသည့်တာဝန်ပိုင်းတွင် တူညီမှုမရှိသဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်ဆိုင်ရာဥပဒေ၌ ခံစားခွင့် အခွင့်အရေးများ ပိုင်းခြားသတ်မှတ်ခြင်းသာ ဖြစ်သည်ဟု ပြန်လည်ရှင်းလင်းချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဆန့်ကျင်ကွဲလွဲနေကြောင်း တင်သွင်းလွှာတင်သွင်းသူများဘက်မှ လျှောက်လဲတင်ပြခဲ့ပါ သည်။

**ပြန်လည်ရှင်းလင်းသည့်ပုဂ္ဂိုလ်ဖြစ်သည့် နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လျှောက်လဲချက်များ**

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) နှင့် ပုဒ်မခွဲ (င) အရ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်သည် ဆိုခြင်း မှာ မမှန်ကြောင်းနှင့် အမည်စာရင်းရယူတင်သွင်းသည့်အဆင့်သာဖြစ်ကြောင်း နှင့် **ဝန်ကြီးအခေါ် အဝေါ်တူသော်လည်း အဆင့်တူအဖြစ် ရည်ရွယ်ခြင်းမရှိကြောင်း** ပေါ်ပေါက်ပါသည်ဟု လျှောက်လဲ တင်ပြခဲ့ပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းလွှာ ကို ပြန်လည်ရှင်းလင်းရာတွင် ဥပဒေသိပ္ပံ ပညာရပ်ဆိုင်ရာ အယူအဆများကိုလည်း အောက်ပါအတိုင်း ရှင်းလင်းတင်ပြခဲ့ပါသည် -

"အခွင့်အရေး **(Right)** နှင့် တာဝန် **(Duty)** တို့မှာ အပြန်အလှန် ဆက်စပ်မှုရှိကြောင်း၊ အခွင့် အရေးနှင့်လျော်ညီသည့် တာဝန်မရှိလျှင် အခွင့်အရေး မရှိနိုင်ကြောင်း၊ အလားတူပင် တာဝန်နှင့် လျော်ညီသည့် အခွင့်အရေးမရှိလျှင် တာဝန်လည်း မရှိနိုင်ကြောင်း၊ တစ်ဦးတစ်ယောက်အနေဖြင့် ဆောင်ရွက်ရမည့်တာဝန်မရှိလျှင် တောင်းဆိုရမည့်အခွင့်အရေးလည်း မရှိနိုင်ကြောင်း၊ ဥပဒေသိပ္ပံ ပညာတွင် ပညာရှင်များ၏ ဖွင့်ဆိုထားချက်များလည်းရှိပါကြောင်း၊ သို့ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးများနှင့် တိုင်းရင်းသားရေးရာကိစ္စများကိုသာ ဆောင်ရွက်ရသော တိုင်းရင်း သားလူမျိုးရေးရာဝန်ကြီးများသည် **တာဝန်ပေးခန့်အပ်မှုတွင် တူညီခြင်းမရှိသလို ထမ်းဆောင်ရသည့် တာဝန်ပိုင်းတွင် တူညီမှုမရှိသည့်အတွက်ကြောင့် ယင်းသို့ပိုင်းခြားခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်း** လျှောက်လဲတင်ပြခဲ့ပါသည်။

## ခုံရုံးက အဓိကဆုံးဖြတ်ရမည့်အချက်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးနှင့် အဆင့်တူညီခြင်း ရှိ မရှိ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးတို့၏ ချီးမြှင့်ငွေ၊ စရိတ် နှင့် အဆောင်အယောင်များအတိုင်း ခံစားခွင့် ရှိ မရှိ အဓိက စိစစ်ဆုံးဖြတ်ရန် ဖြစ်ပါသည်။

## ခုံရုံကဆုံးဖြတ်ရာတွင် ရည်ညွှန်းကိုးကားချက်များ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် ၂၀၁၁ ခုနှစ် တင်သွင်းလွှာ အမှတ် - ၂ ဖြစ်သည့် " အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ပါ (၂၃) ဦးနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် " ကို ဆုံးဖြတ်ချက် ချမှတ်ခဲ့ရာတွင် တင်သွင်းလွှာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာနှင့် သက်ဆိုင်နေသည့်ကိစ္စဖြစ်သည့်အတွက် ဥပဒေ အကြောင်းခြင်းရာအပြင် အများသဘောဆန္ဒဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရာ တွင်အခြေခံဖြစ်သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ထားသည့် အသေးစိတ် အခြေ ခံမူများစာအုပ်ကို ရည်ညွှန်းကိုးကား ဆုံးဖြတ်ခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

ဤခုံရုံး၏ ယခု ၂/၂၀၁၁ စီရင်ထုံး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံ ရန် အမျိုးသားညီလာခံစုံညီအစည်းအဝေးများက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံ ရမည့်မူများစာအုပ်၏ အခန်း(၅)၊ အုပ်ချုပ်ရေး၊ အပိုဒ် ၂၅၊ စာမျက်နှာ ၁၃၇ တွင် တိတိကျကျ ဖော်ပြ ထားသည့် –

> "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် နှင့် ဝန်ကြီးတို့၏ အဆင့်သတ်မှတ်ခြင်း နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးတို့၏ တာဝန်၊ လုပ်ပိုင်ခွင့် နှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် တိုင်း

ဒေသကြီးသို့မဟုတ်ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်၊ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးကို ဒုတိယဝန်ကြီးအဆင့် သတ်မှတ်သည်**” ဟူသည့် စာပိုဒ်ကို ရည်ညွှန်းကိုးကား၍ ဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၃ တွင် “ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်” ဟု ပြဋ္ဌာန်းထားပါသည်။

တည်ဆဲစကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေဖြစ်သည့် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ **(၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၂ )** ၏ ပုဒ်မ ၄ တွင် ဥပဒေပြဋ္ဌာန်းချက်တရပ်ရပ်၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုရာ၌ ယင်းဥပဒေကို မပြဋ္ဌာန်းမီက ဥပဒေရေးဆွဲရေးကော်မီရှင်၊ သို့မဟုတ် ဥပဒေပြုအာဏာပိုင်အဖွဲ့ အစည်းတွင် ဆွေးနွေးခဲ့သည့် အချက်၊ မှတ်တမ်းများကိုလည်းကောင်း၊ ရေးဆွဲခဲ့သော ဥပဒေမူကြမ်းများကိုလည်းကောင်း၊ ဥပဒေပြုရခြင်း၏ကျိုးကြောင်းဖော်ပြချက်ကိုလည်းကောင်း ထည့်သွင်းစဉ်းစားနိုင်သည်” ဟု ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၈ တွင် ဖော်ပြထားသည့် " **ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပါ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်**" ဟူသည့် ပြဋ္ဌာန်းချက်ကိုလည်း ဤခုံရုံး၏ ယခု ၂/၂၀၁၁ စီရင်ထုံး၌ ကိုးကားခဲ့သည်ကို တွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၈ အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နိုင်ငံတော်အခြေခံမူများသည် လိုက်နာရမည့် လမ်းညွှန်ချက်များ ဖြစ်ကြပါသည်။

## ခုံရုံး၏ဆုံးဖြတ်ချက်

၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၁၅ တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့၏ ဥပဒေပြုရေးတွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များကို ပါဝင်ခွင့်ပြုထားသကဲ့သို့ ယင်းဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) ပြဋ္ဌာန်းချက်တွင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အုပ်ချုပ်ရေးတွင် တိုင်းရင်းသားလူမျိုးရေးရာများကို ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များကို ပါဝင်ခွင့်ပြုထားပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများကို လမ်းညွှန်အဖြစ် လိုက်နာကျင့်သုံး၍ နိုင်ငံတော်သမ္မတက အမိန့် ၂၃ / ၂၀၁၁ တွင် **ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဟူသော ပြဋ္ဌာန်းချက်ကို ရည်ညွှန်းဖော်ပြလျက်** တိုင်း

ဒေသကြီးသို့မဟုတ်ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို ခန့်အပ်တာဝန်ပေးခြင်းသည် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး များနှင့် **အဆင့်တူသတ်မှတ်၍ အမိန့်ထုတ်ပြန်ခန့်အပ် တာဝန်ပေးခြင်း**ဖြစ်ပါသည်။

သို့ဖြစ်၍ " **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကျင့်သုံးပါက** သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများသည် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ၁၉ ပုဒ်မခွဲ(ဂ)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဆင့်ရှိသူများဖြစ်ကြသည်"ဟု ခုံရုံးက ဆုံးဖြတ်ခဲ့ပါသည်။

ခုံရုံးက " နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) နှင့် ပုဒ်မခွဲ (င) အရ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်သည် ဆိုခြင်းမှာ မမှန်ကြောင်း နှင့် အမည်စာရင်းရယူတင်သွင်းသည့်အဆင့်သာ ဖြစ်ကြောင်း အဓိပ္ပါယ်ကောက်ယူတင်ပြခြင်းမှာ ပြည့်စုံမှန်ကန်ခြင်းမရှိဘဲ ဝန်ကြီးအခေါ်အဝေါ်တူသော်လည်း အဆင့်တူအဖြစ် ရည်ရွယ်ခြင်းမရှိကြောင်း ပေါ်ပေါက်ပါသည်ဟု တင်ပြချက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း အဓိပ္ပါယ်ကောက်ယူခြင်းမဟုတ်ကြောင်း သိသာထင်ရှားသည်" ဟု သုံးသပ်ခဲ့ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပြည်ထောင်စုရှေ့နေချုပ်ရုံး ကိုးကားခဲ့သော ဥပဒေသိပ္ပံပညာရှင်များ၏ ဖွင့်ဆိုချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်ခဲ့ပါသည် -

" ပြည်ထောင်စုရှေ့နေချုပ်ရုံးက တာဝန်နှင့် လျော်ညီသော ချီးမြှင့်ငွေ၊ စရိတ် နှင့် အဆောင်အယောင်များချီးမြှင့်နိုင်ရန် ဥပဒေပြဋ္ဌာန်းခြင်းဖြစ်သည်ဟူသော တင်ပြချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ် နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင်လည်းကောင်း အဓိပ္ပါယ် ရှင်းလင်းဖွင့်ဆိုထားခြင်း အလျဉ်းမရှိပေ။ ၎င်းတို့ကို ကိုးကားသော ဥပဒေသိပ္ပံပညာရှင်များ၏ ဖွင့်ဆိုချက်များကို လေ့လာကြည့်ရာတွင်လည်း အခွင့်အရေး နှင့် တာဝန်ဟူသည်မှာ အလုပ်ရှင် နှင့် အလုပ်သမား၊ မိဘ နှင့် သားသမီး၊ မြေပိုင်ရှင် နှင့် မြေဝယ်သူတို့အကြား တည်ရှိသည့် အခွင့်အရေး နှင့် တာဝန်တို့ကို စံနမူနာပြု၍ ရှင်းလင်းဖွင့်ဆိုချက်များ ဖြစ်သည့်အပြင် **ပုဂ္ဂလိကဆိုင်ရာ အခွင့်အရေး နှင့် တာဝန်များအတွက် ရှင်းလင်းဖော်ပြချက်များဖြစ်သည်။ နိုင်ငံတော်မှ ခန့်အပ်တာဝန်ပေးသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် သက်ဆိုင်ခြင်း မရှိပေ။** ထို့ကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရှင်းလင်းလျှောက်ထားချက်မှာ **ဤတင်သွင်းလွှာပါ အကြောင်းအရာနှင့် ဆက်စပ်ကောက်ယူရမည့် အကြောင်းပြချက် မဟုတ်ပေ။**"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ) ပြဋ္ဌာန်းချက်များတွင်လည်းကောင်း၊ ယင်းဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ (ဇ) ပြဋ္ဌာန်းချက်တွင်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ) ပြဋ္ဌာန်းချက်တွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) ပြဋ္ဌာန်းချက်

တွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားသည့်အပြင် အမျိုးသားညီလာခံစုံညီ အစည်းအဝေးက ချမှတ်ထားသည့် အသေးစိတ်အခြေခံမူများ ရှိနေပြီးဖြစ်ပါလျက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ် နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေ **ပုဒ်မ ၅ နှင့် ပုဒ်မ ၁၇** တို့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် မတူခွဲခြားကာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၏ ခံစားခွင့်ကို သီးခြားပြဋ္ဌာန်းသတ်မှတ်ထားခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမည် မဟုတ်ပေ” ဟု ခုံရုံးက ဆုံးဖြတ်ခဲ့ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂/၂၀၁၁ စီရင်ထုံး၌ **ဥပဒေများ၏ အကျိုးသက်ရောက်မှုကို** အောက်ပါအတိုင်းရှင်းလင်းဖော်ပြ၍ ဆုံးဖြတ်ခဲ့သည်ကိုလေ့လာတွေ့ရှိရပါသည် _

“ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ (က) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

**ပုဒ်မ ၁၉၈။** လွှတ်တော်အဆင့်ဆင့် နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် **ဆန့်ကျင်နေလျှင်** ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

အထက်ပါအကြောင်းများကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ် နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပါ ပြဋ္ဌာန်းချက်များအရ **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ဆုံးဖြတ်ရမည်ဖြစ်သည်။”**

ထို့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်ပါ ၂၃ ဦး၏ တင်သွင်းလွှာကိုခွင့်ပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဖြစ်သည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) တွင် အကျုံးဝင်သည့် ပုဂ္ဂိုလ်များဖြစ်ပြီး **ယင်းဥပဒေ ပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း အနက်အဓိပ္ပါယ်ဖွင့်ဆိုဆုံးဖြတ်ခဲ့**ပါသည်။

# နိဂုံး

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ တွင် **“ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်”** ဟု ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ၂၀၁၁ ခုနှစ်၊ တင်သွင်းလွှာအမှတ် - ၂ ကို ဆုံးဖြတ်ခဲ့ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) တွင် အကျုံးဝင်သည့် ပုဂ္ဂိုလ်များဖြစ်ပြီး **ယင်းဥပဒေ ပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း** ဆုံးဖြတ်ခဲ့ပါသည်။

ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ခုံရုံး၏ဆုံးဖြတ်ချက်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ဖြင့် ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် (၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်) နေ့တွင် ဖြည့်စွက်ပြင်ဆင်ခဲ့ပါသည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ( ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၆ ) အရ _

- ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော “တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး” ဆိုသည့် စကားရပ်ကိုပယ်ဖျက်ပြီး၊ “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး” ဆိုသည့် စကားရပ်၏ နောက်၌ “တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ခဲ့ပါသည်၊
- ဥပဒေပုဒ်မ ၄ တွင် ပုဒ်မခွဲ (ဂ) ၏ နောက်၌ ပုဒ်မခွဲ (ဃ) အဖြစ် “ (ဃ) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊” ဟု ဖြည့်စွက်ခဲ့ပြီး၊ ပုဒ်မ ၄ ၏ ပုဒ်မခွဲ (ဃ) နှင့် (င) တို့ကို ပုဒ်မခွဲ (င) နှင့် (စ) တို့အဖြစ် ပြောင်းလဲ အမှတ်စဉ်ခဲ့ပါသည်၊
- **ဥပဒေပုဒ်မ ၅** ၌ ပါရှိသော “တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်” ဆိုသည့် စကားရပ် **ကိုလည်း ပယ်ဖျက်ခဲ့ပါသည်၊**
- ဥပဒေပုဒ်မ ၁၆ ၌ ပါရှိသော “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး” ဆိုသည့် စကားရပ်၏နောက်တွင် “တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ခဲ့ပါသည်၊
- **ဥပဒေ ပုဒ်မ ၁၇ ကို ပယ်ဖျက်၍** ဥပဒေ ပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄ နှင့် ၂၅ တို့ကို ပုဒ်မ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃ နှင့် ၂၄ တို့ဖြင့် **ပြောင်းလဲအမှတ်စဉ်ခဲ့**ပါသည်။